

# တရားမဝင်စစ်မှုထမ်းဥပဒေနှင့်

# အမျိုးသမီးများ အပေါ်သက်ရောက်မှုများ

မြန်မာ့အမျိုးသမီးသမဂ္ဂ မှ ထုတ်ဝေသည်။

**June, 2024**

**Credited: Adriane Ohanesian (LensCulture)**

# နိဒါန်း

နအဖ စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ ၂၀၁၀ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့သည့် တရားမဝင်စစ်မှုထမ်းဥပဒေကို အာဏာသိမ်းရန် ကြိုးပမ်းသည့် အကြမ်းဖက်စစ်အုပ်စုမှ ၂၀၂၄ခုနှစ် ဖေဖော်ဝါရီလ (၁၀)ရက်နေ့တွင် စတင်ကျင့်သုံးရန် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ဤဥပဒေတွင် အမျိုးသားဖြစ်လျှင် အသက် (၁၈)နှစ်မှ (၃၅)နှစ် နှင့် အမျိုးသမီးဖြစ်လျှင် အသက်(၁၈)နှစ်မှ (၂၇)နှစ်အတွင်းဖြစ်ပြီး အတတ်ပညာကျွမ်းကျင်သူများ ဆရာဝန်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှု၊ ပညာတတ်မြောက် ကျွမ်းကျင်သူ အမျိုးသားဖြစ်ပါက အသက်(၁၈)နှစ်မှ (၄၅)နှစ်အတွင်းနှင့် အမျိုးသမီး ဖြစ်လျှင် အသက်(၁၈)နှစ်မှ (၃၅)နှစ်အထိ စစ်မှုထမ်း ရမည် ဖြစ်ကြောင်း ဖော်ပြထားသည်။[1] ဤသုံးသပ်ချက်သည် အကြမ်းဖက်စစ်အုပ်စုမှ ထုတ်ပြန်လိုက်သည့် တရားမဝင်စစ်မှုထမ်းဥပဒေကြောင့် အမျိုးသမီးများအပေါ် သက်ရောက်မှုများကို အဓိကအခြေခံပြီး သုံးသပ်ထားခြင်းဖြစ်သည်။ ယခုသုံးသပ်ချက်သည် မြန်မာ့အမျိုးသမီးသမဂ္ဂမှ ခိုင်လုံသည့် သတင်းမီဒီယာများမှ အချက်အလက်အပြင် ရှမ်းပြည်နယ်တောင်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်းနှင့် ဧရာဝတီတိုင်းရှိ အမျိုးသမီးများအား ၂၀၂၄ခုနှစ် ဧပြီလတွင် အင်တာဗျူးပြီး လက်ရှိမြေပြင်၌ အမျိုးသမီးများ၏ စိန်ခေါ်မှုများနှင့်အခက်ခဲများကိုအခြေခံ လေ့လာသုံးသပ်ထားသည်။ တရားမဝင်စစ်မှုထမ်းဥပဒေ၏ သက်ရောက်မှုများကိုလက်တွေ့ ခံစားနေသူအမျိုးသမီးများနှင့် ရပ်ရွာအခြေပြုလုပ်ငန်းများကို လုပ်ကိုင်နေသော အမျိုးသမီးများအား ရွေးချယ် မေးမြန်းထားခြင်းဖြစ်သည်။ ၎င်းအမျိုးသမီးများသည် စစ်မှုထမ်းဥပဒေ၏ ရိုက်ခတ်မှုများကို လက်တွေ့ခံစားနေရသည့်အပြင် မြေပြင်အခြေအနေများကို ကောင်းမွန်စွာ သိရှိသောကြောင့် သတင်းအချက်အလက်များကို ပို၍မျှဝေနိုင်မည်ဟု မိမိတို့အနေဖြင့် ယုံကြည်သည်။ ယခုသုံးသပ်ချက်၏ တွေ့ရှိချက်အရ တရားမဝင်စစ်မှုထမ်းဥပဒေကြောင့် မြေပြင်ရှိ အမျိုးသမီးများသည် အတင်းအကြပ်းလက်ထပ်ထိမ်းမြားခြင်းနှင့် အိမ်တွင်းအကြမ်းဖက်မှုများ၊ စားဝတ်နေရေးအကြပ်အတည်း၊ စစ်မှုထမ်းဥပဒေနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု နောက်ဆက်တွဲ၊ အိမ်နီးချင်းနိုင်ငံသို့ တရားဝင်သော်လည်းကောင်း တရားမဝင်သော်လည်းကောင်း ဝင်ရောက်နိုင်ရန် ကြိုးပမ်းနေကြသည်။ သတင်းစီးဆင်းမှုများ၌ ကန့်သတ်မှုများရှိနေသကဲ့သို့ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ အချက်အလက်များ လက်လှမ်းမှီရန် အခက်အခဲများစွာ ရှိနေသည့်အတွက် အမှန်တကယ်လက်တွေ့အခြေအနေသည် ယခုထက် ပိုမိုများပြား ဆိုးရွားနိုင်သည်။

[1] VOA-Burmese, 10th February 2024. https://burmese.voanews.com/a/sac-s-mandatory-military-service-law/7482258.html

## ၁။ အာဏာသိမ်းရန်ကြိုးပမ်းသည့်ကာလမှ လက်နက်ကိုင်ပဋိပက္ခအခြေအနေ

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့သည် အကြမ်းဖက်စစ်အုပ်စုမှ အာဏာသိမ်းရန် ကြိုးပမ်းသည့်နေ့ဖြစ်ပါသည်။ အာဏာသိမ်းရန်ကြိုးပမ်းသည့် ကာလမှစပြီး မြန်မာပြည်သူများသည် အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန်ကြိုးပမ်းသည်ကို လက်မခံသည့်အတွက် မိမိတို့၏ဆန္ဒကို အကြမ်းမဖက်သော နည်းလမ်းများဖြင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်းဖြင့်သော်လည်းကောင်း၊ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ဖြင့်သော်လည်းကောင်း၊ အခြားသောနည်းလမ်းများဖြင့် အကြမ်းဖက်စစ်အုပ်စုကို အမြစ်ပြတ်ဖြုတ်ချရန် ကြိုးပမ်းလာကြသည်။ သို့သော်လည်း အကြမ်းဖက်စစ်အုပ်စုသည် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သည့် ပြည်သူများအား ရက်စက်စွာ အကြမ်းဖက်ဖြိုခွင်းမှု လုပ်ရပ်များကို ၂၀၂၁ခုနှစ် မတ်လမှ စတင်လုပ်ဆောင်လာခဲ့ပြီးနောက် အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့် (အထူးသဖြင့်လူငယ်များ)သည် လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်ကိုစတင် ရွေးချယ်လာကြပြီး လွတ်မြောက်နယ်မြေရှိ တိုင်းရင်းသား လက်နက်ကိုင်များ ထံသို့ သွားရောက်ပူးပေါင်းခြင်း (သို့) ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့များစတင်ဖွဲ့စည်းကာ ရရာလက်နက်စွဲကိုင်ပြီး တော်လှန်ခဲ့ကြသည်။[2] ထို့ကြောင့် အကြမ်းဖက်စစ်အုပ်စုမှ အာဏာသိမ်းရန်ကြိုးပမ်းခြင်းသည် ယနေ့ထိတိုင် အောင်မြင်မှုမရှိသည့်အပြင် နိုင်ငံတစ်ဝှမ်းမှ တိုင်းရင်းသားလက်နက်ကိုင်များ၊ တော်လှန်ရေးအစုအဖွဲ့များနှင့် အကြမ်းဖက် စစ်အုပ်စုများအကြား တိုက်ပွဲများ နေ့စဉ်နှင့်အမျှ ဖြစ်ပွားနေလျက်ရှိပါသည်။ အထူးခြားဆုံး အနေဖြင့် ၂၀၂၃ခုနှစ် အောက်တိုဘာ (၂၇)ရက်နေ့တွင် မြောက်ပိုင်းညီနောင်သုံးဖွဲ့ဖြစ်သော (ကိုးကန့်တပ်မတော်၊ အာရက္ခတပ်တော်နှင့် တအောင်းတပ်မတော်) ဦးဆောင်သော ၁၀၂၇စစ်ဆင်ရေးသည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အကြီးမားဆုံးသော စစ်ဆင်ရေးဖြစ်ပြီး စီးပွားရေးအချက်အချာကျသည့်မြို့များ အပါအဝင် မြို့များစွာကိုသိမ်းပိုက်နိုင်ခဲ့သည်။[3] ထို့နောက် ကရင်နီတပ်ပေါင်းစုများသည်လည်း (၁၁၁၁)စစ်ဆင်ရေးကို ၂၀၂၃ခုနှစ် နိုဝင်ဘာလ (၁၁)ရက်နေ့တွင် လွိုင်ကော်မြို့နှင့် အနီးတစ်ဝိုက်တွင်

---

[2] BBC NEWS Burmese 1st February 2022.
https://www.bbc.com/burmese/burma-60220620
[3] USIP-English 11th April 2024.
https://www.usip.org/publications/2024/04/myanmars-collapsing-military-creates-crisis-chinas-border?fbclid=IwAR2fRmplm2VAL91VAMeOUoA5blY0LCRR0iftXGMRnJ0FdZmITkA9ZyXkY7I_aem_Acnij7z0b56LkGioI9d_wllLbyt_43sMTe8YACC3iuIOtP8hbL6U0SsueUW4gZNwZacUkX8dsg1OQL6qwu7ucSbf

စတင်ထိုးစစ်ဆင်ခဲ့သည်။[4] ထို့အပြင် ညီနောင်မဟာမိတ်အဖွဲ့ဝင်ဖြစ်သော အာရက္ခတပ်တော်သည် ၂၀၂၃ခုနှစ် နိုဝင်ဘာလ (၁၃)ရက်နေ့ တွင် ရခိုင်ပြည်နယ် မင်းပြားနှင့် ရသေ့တောင်မြို့နယ်များရှိ အကြမ်းဖက်စစ်အုပ်စု၏ နယ်ခြားစောင့်ရဲစခန်းနှင့် ယာဉ်တန်းများကို စတင်တိုက်ခိုက်ပြီး တစ်ကျော့ပြန် စစ်ပွဲပြန်လည် ဖြစ်ပွားခဲ့ပါသည်။[5] ထိုစစ်ဆင်ရေးများတွင် အကြမ်းဖက်စစ်အုပ်စုဘက်မှ နယ်မြေများစွာကို လက်လွှတ်ခဲ့ရသည်။ ထို့အပြင် အင်အားအများအပြားလည်း ကျဆုံးခဲ့ပြီး တိုက်ပွဲအတွင်း အိမ်နီးချင်းနိုင်ငံသို့ ထွက်ပြေးခြင်း၊ အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့ဝင်များ ထောင်နှင့်ချီ လက်နက်ချ အညံ့ခံခဲ့သည်မှာ အကြမ်းဖက်စစ်အုပ်စု၏ အင်အားချိနဲ့လာသည်ကို မျက်ဝါးထင်ထင်တွေ့မြင်လာရပါသည်။ ထို့ပြင် လက်နက်ကိုင်တော်လှန်ရေး ခရီး (၃)နှစ်ကျော် ကာလတွင် တိုင်းရင်းသား လက်နက်ကိုင်များနှင့် တော်လှန်ရေး အင်အားစုများမှ နိုင်ငံ၏ (၆၀)ရာခိုင်နှုန်းကို ပြန်လည်ရယူ ထိန်းချုပ်ထားနိုင်ကြောင်း အမျိုးသားညီညွတ်ရေး အစိုးရ (NUG)မှလည်း ၁၀၂၇စစ်ဆင်ရေးမစခင်က ထုတ်ပြန်ခဲ့သည်။[6] ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီ (IEC) ယာယီအမှုဆောင်ကောင်စီ ဒုဥက္ကဋ္ဌ-ခွန်ဘီထူး၏ ၂၀၂၄ခုနှစ် ဧပြီလ (၂၄)ရက် အင်တာဗျူးကောက်နုတ်ချက်အရ တော်လှန်ရေးတပ်ဖွဲ့များသည် ကရင်နီပြည်နယ်၏ (၉၀)ရာခိုင်နှုန်းကို ထိန်းချုပ် ထားနိုင်ကြောင်း ဖော်ပြထားသည်။ [7]

အထက်ပါဖော်ပြခဲ့သည့် အကြမ်းဖက်စစ်အုပ်စု၏ ရှုံးနိမ့်မှုများကြောင့် တရားမဝင် စစ်မှုထမ်းဥပဒေကို အသက်သွင်းထုတ်ပြန်လိုက်ခြင်းဖြင့် အင်အားပြန်လည် ဖြည့်ရန် ကြိုးစားခြင်းဖြစ်သည် ဟုသုံးသပ်ပါသည်။ ယခုသုံးသပ်ချက်အတွက် ရှမ်းပြည်နယ်တောင်ပိုင်းမှ ဖြေဆိုသူ အမျိုးသမီးတစ်ဦးကလည်း ယခုကဲ့သို့ မှတ်ချက်ပြုသည်။

---

[4] The Irrwaddy- English 28th November 2024.
https://www.irrawaddy.com/in-person/interview/operation-1111-close-to-securing-all-of-kayah-state-for-myanmar-resistance.html

[5] RFA-Burmese 13th November 2024.
https://www.youtube.com/watch?v=W3vA_3HrMGQ

[6] The Irrawaddy-Burmese 22nd December 2024.
https://www.irrawaddy.com/opinion/guest-column/putting-the-myanmar-militarys-recent-losses-in-perspective.html

[7] The Irrawaddy- English 24th April 2024.
https://www.irrawaddy.com/in-person/interview/karenni-state-liberated-from-myanmar-junta-control-by-yearend-iec.html?fbclid=IwZXh0bgNhZW0CMTAAAR31bBcykGcU3n8D76ltasgneXlvoH8Fd48I8prnlnx1M23SStkkh-6SSaU_aem_Aadqi5iYO2ILl6FTwIoOV8nsV-nVNqhffyJbqOUEak4kexURCwHTuNMQ8jLsV0T-88fji7g4tNXqUYK1LRV1Aojn

***အဓိကတော့ ဒီတော်လှန်ရေးကာလမှာ ခံစစ်ထက် တိုက်စစ်ကိုပိုပြီး စစ်ဆင်လာကြတော့ စစ်ကောင်စီဘက်က ကျဆုံးတာတွေများလာတယ်။ အထူးသဖြင့် (၁၀၂၇)စစ်ဆင်ရေးမှာလည်း စစ်ကောင်စီဘက်နေပြီးတော့ ကျဆုံးတာရော အလံဖြူထောင်ပြီး အလင်းဝင်တာရော ရာနဲ့ချီပြီးတွေဖြစ်တော့ သူတို့ဘက်ကနေပြီးတော့ ဒီဥပဒေကို ထုတ်ပြန်လိုက်ပြီး တရားဝင်ပေါ်တာဆွဲတာ လို့မြင်တာပေါ့။ အသက်စာရင်းအရ ကြည့်လိုက်ရင်လည်း တကယ့်အရွယ်ကောင်းတွေကို ဦးတည်နေတာတွေ့ရတယ်။ နောက်တစ်ခုကတော့ စစ်တပ်အတွင်းမှာလည်း ဒေါက်တိုင်ကအစပြိုလဲနေတော့ လူငယ်တွေကို မတရားစုဆောင်းပြီး ဓားစာခံအဖြစ် လုပ်ချင်တာလားပေါ့။ ဒါကြောင့်ကျွန်မအနေနဲ့တော့ ဒီဥပဒေကိုလုံးဝမထောက်ခံဘူး။ သူတို့ကကျွန်မတို့ အစိုးရမဟုတ်ဘူး။ အကြမ်းဖက်အုပ်စုက ထုတ်လိုက်တဲ့ဟာက တရားမဝင်ဘူးလေနော် ဟုဖြေဆိုထားသည်။***[8]

ယခုသုံးသပ်ချက်တွင် ဖြေဆိုသူအမျိုးသမီးများသည် အကြမ်းဖက်စစ်အုပ်စုမှ အသက်သွင်းကာ ထုတ်ပြန်ထားသည့် တရားမဝင်စစ်မှုထမ်းဥပဒေကို လက်မခံကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ အကြမ်းဖက်စစ်အုပ်စု၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ၂၀၂၄ခုနှစ် ဖေဖော်ဝါရီလ (၂၀)ရက်နေ့ ပြောကြားချက်အရ လတ်တလောတွင် အမျိုးသမီးများအား စစ်မှုထမ်းခေါ်ယူရန် အစီစဉ်မရှိသေးကြောင်း ပြောကြားထားခဲ့သော်လည်း လက်ရှိမြေပြင်တွင် အမျိုးသမီးများအနေဖြင့် စိန်ခေါ်မှုများစွာကို တစ်တိုင်းပြည်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေရပါသည်။ သို့သော် ၂၀၂၄ခုနှစ် ဇွန်လ (၄)ရက်နေ့တွင် စစ်မှုထမ်းအပတ်စဉ် (၅)တွင် အမျိုးသမီးများအား ခေါ်ယူသွားမည်ဖြစ်ကြောင်း စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့နှင့် နီးစပ်သူထံမှ သတင်းထွက်ပေါ်လာခဲ့သည်။[9] သို့သော် မိမိတို့ မြန်မာ့အမျိုးသမီးသမဂ္ဂမှ လက်ခံရရှိသော မြေပြင်သတင်းအရ မြေပြင်ရှိအမျိုးသမီးအချို့သည် စစ်မှုထမ်းဥပဒေကို ရှောင်ရှားဖို့အတွက် စစ်မှုထမ်းဆင့်ခေါ်အဖွဲ့များအား ငွေပေးချေ နေရကြောင်းသိရသည်။

---

[8] ရှမ်းပြည်နယ်တောင်ပိုင်းမှ ဖြေဆိုသူအမျိုးသမီး။

[9] DVB 4th June 2024.
https://burmese.dvb.no/post/654629

## ၂။ တရားမဝင်စစ်မှုထမ်းဥပဒေနှင့် အိမ်နီးချင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ရန်စိန်ခေါ်မှုများ

အကြမ်းဖက်စစ်အုပ်စု အာဏာသိမ်းရန် ကြိုးပမ်းသည့်ကာလမှစ၍ မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးအရ အဘက်ဘက်မှ အခက်အခဲနှင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပါသည်။ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့မှ ၂၀၂၄ခုနှစ် မေလ (၂၇)ရက်နေ့အထိ အကြမ်းဖက်စစ်အုပ်စုမှ အမျိုးသမီး (၃၉၇၉)ဦးအား ဖမ်းဆီးထိန်းသိမ်းထားခဲ့ ဖြစ်ပြီး ၎င်းတို့အနက် (၁၅၂၀)ဦးသည် ပြစ်ဒဏ်ချမှတ်ခံရသူများဖြစ်သည်။[10] ထို့ပြင် အကြမ်းဖက်စစ်အုပ်စုမှ အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစတင်ပြီး နိုင်ငံတစ်ဝှမ်း စစ်ဘေးရှောင်ဦးရေမှာ (၂,၆၅၈,၄၀၀)သန်းကျော်အထိရှိလာခဲ့ပြီး ပြည်ပနိုင်ငံသို့ ဒုက္ခသည်အဖြစ် ဝင်ရောက်နေသူများမှာ (၆၁,၇၀၀)အထိရှိလာနေပြီဖြစ်သည်။ ၎င်းတို့ထဲတွင်အမျိုးသမီးများလည်း ထက်ဝက်ကျော် ပါဝင်နေသည်။[11] ထို့ကြောင့် အကြမ်းဖက် စစ်အုပ်စု၏ တရားမဝင် စစ်မှုထမ်းဥပဒေသည် အမျိုးသမီးများအတွက် အပျက်သဘောဆောင်သည့် အကျိုးသက်ရောက်မှု အလွှာတစ်ခု အဖြစ် ထပ်ဆင့်ကျရောက်လာပါသည်။ တရားမဝင် စစ်မှုထမ်းဥပဒေ ထွက်ရှိလာပြီးနောက်တွင် ထောင်နှင့်ချီသော လူငယ်များသည် ဤဥပဒေကို ရှောင်ရှားနိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံသို့ နည်းမျိုးစုံဖြင့် ဝင်ရောက်နိုင်ရန်ကြိုးစားလာကြသည်။ ထို့ကြောင့် နိုင်ငံကူးလက်မှတ်ရုံးတွင် နေ့စဉ်နှင့်အမျှ လူထောင်နှင့်ချီကာ အလုအယက်နိုင်ငံကူးလက်မှတ် ရရန်ကြိုးစားနေကြသည်။

[10] AAPP 12th June 2024.
https://airtable.com/appHDJLeiPsMGFJ7s/shriEaQw2eWEEU7zr/tbldh7ajAunXjn6eP
[11] Myanmar UNHCR 22nd April 2024.
https://data.unhcr.org/en/documents/details/108164


Photo Credited: Asharq AI Awsat website[12]

၂၀၂၄ခုနှစ် ဖေဖော်ဝါရီ (၁၉)ရက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံကူးလက်မှတ်ရုံးတွင် အမျိုးသမီးနှစ်ဦးမှာ လူအုပ်ပိပြီး သေဆုံးမှုလည်း ရှိခဲ့သကဲ့သို့ နိုင်ငံကူးလက်မှတ် ပြုလုပ်နိုင်ရန် ငွေကြေး အဆမတန်ပေးပြီး လုပ်ဆောင်နေကြရသည်။[13] ငွေကြေး တတ်နိုင်သည့် လူတန်းစား အမျိုးသမီးများသည် နိုင်ငံကူးလက်မှတ်ဖြင့် တရားဝင်အခြားနိုင်ငံသို့ ရှောင်တိမ်းနေကြသော်လည်း အခြေခံလူတန်းစား အမျိုးသမီးများသည် အထောက်အထားမဲ့စွာ အိမ်နီးချင်းနိုင်ငံများသို့ ဝင်ရောက်ခြင်းကြောင့် ဖမ်းဆီးခံရမှုများလည်း ရှိနေသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံသို့ တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူများအား ထိုင်းအာဏာပိုင်မှ ဖမ်းဆီးမှုများလည်း နေ့စဉ်နှင့်အမျှ ရှိနေသည်ကိုတွေ့ရသည်။ အကြမ်းဖက်စစ်အုပ်စုမှ တရားမဝင် စစ်မှုထမ်းဥပဒေ ထုတ်ပြန်လိုက်ချိန်မှစပြီး အိမ်နီးချင်းထိုင်းနိုင်ငံသို့ တရားမဝင်လမ်းကြောင်းမှ ဝင်ရောက်လာသော အမျိုးသမီးများအပါအဝင် ရာနှင့်ချီကာ ဖမ်းဆီးရမိကြောင်းတွေ့ရသည်။ ၂၀၂၄ခုနှစ် မတ်လ (၁၃)ရက်နေ့တွင် ထိုင်းအာဏာပိုင် များမှ တရားမဝင် ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား (၁၇)ဦးနှင့် အမျိုးသမီး (၅)ဦးတို့အား ကန်ချနဘူရီမြို့ သောင်ဖာဖန်ခရိုင်၊ သခါနမ်မြို့အနီးသစ်တောထဲ၌ ဖမ်းမိကြောင်း ဖော်ပြထားသည်။ ၎င်းဖမ်းမိသူများသည် နယ်စပ်ဖြတ်ကျော်နိုင်ရန်အတွက် ထိုင်းဘတ်ငွေ အမျိုးသမီးများသည် အကြောက်တရားကို အံတုကာ အထောက်အထားမဲ့ အခြားနိုင်ငံများသို့ ဝင်ရောက်ရန် စိတ်အားထက်သန်နေသော်လည်း

---

[12] Many in Myanmar Consider Fleeing to Thailand to Escape Conscription into an Army they Despise (Asharq AI Awsat) https://english.aawsat.com/world/4874176-many-myanmar-consider-fleeing-thailand-escape-conscription-army-they-despise

[13] Myanmar Now-Burmese 19th February 2024.
https://myanmar-now.org/mm/news/49376/

အခက်အခဲ အတားအဆီးများစွာ ကြုံတွေ့နေရသည်ကို တွေ့ရသည်။[14] ရှမ်းပြည်နယ်တောင်ပိုင်းမှ ဖြေဆိုသူ အမျိုးသမီးတစ်ဦး ကလည်း

***"အဲ့တော့ အခြေခံလူတန်းစား အမျိုးသမီးတွေဆို တရားဝင်ရော တရားမဝင်ရော ဘယ်မှထွက်ပြေးဖို့ မတတ်နိုင်ဘူး"[15]။***

ထို့ပြင် မန္တလေးတိုင်းမှ ကလေးသုံးယောက်မိခင် အမျိုးသမီးမှလည်း သူမ၏ အခက်အခဲကို ယခုကဲ့သို့ဖွင့်ပြောလာပါသည်။

***"အဲ့တော့ ထိုင်းနိုင်ငံကို ထွက်ပြေးဖို့တော့ တွေးမိတယ်။ ဒါပေမဲ့ ကျွန်မက ဗမာစကားကလည်းမပြောတတ်၊ မှတ်ပုံတင်လည်းမရှိသလို ပိုက်ဆံလည်းမရှိတော့ အရမ်းစဉ်းစားရခက်တယ်။ အဲ့ချိန်မှာ ကျွန်မအမျိုးသားလည်း ခရီးလွန်နေတော့ ပိုဆိုးတာပေါ့နော်"[16]။***

ထိုမျှသာမက မိဘများသည်လည်း မိမိ၏သားသမီးများကို တရားမဝင်စစ်မှုထမ်းဥပဒေမှ ရှောင်တိမ်းနိုင်ရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းနေကြ သည်ကိုတွေ့ရသည်။ ၂၀၂၄ ခုနှစ် ဧပြီလ (၁၁) ရက်နေ့တွင် မြဝတီမြို့ရှိ ခလရ ၂၇၅ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်၏ ပူးပေါင်းတပ်နှင့် အကြမ်းဖက်စစ်အုပ်စု၏ တိုက်ပွဲသည် လူငယ်များအတွက် စစ်မှုထမ်းဥပဒေကိုရှောင်ရှားနိုင်ရန် နယ်စပ်ဖြတ်ကျော်ပြီး အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ဝင်ရောက်ရန် အတွက် ကြီးမားသည့်တားဆီးမှုတစ်ခုဖြစ်သည်။ ရောဝတီတိုင်းမှ အမျိုးသမီးတစ်ဦးမှလည်း ဤတရားမဝင် စစ်မှုထမ်းဥပဒေကြောင့် အမျိုးသမီးငယ်များ အပေါ်သက်မှုများကို ယခုလိုပြောလာခဲ့သည်။

***"ကလေးမလေးတွေလည်း ဘာလုပ်ရမလဲဆိုပြီး အန်တီကိုမေးလာကြတယ်။ တခြားနိုင်ငံကိုလည်း ရှိတဲ့ပိုက်ဆံလေးနဲ့ တရားမဝင်သွား ကြတယ်။ တစ်ချို့ကြတော့လည်း ပိုက်ဆံချေး ပြီးသွားကြတော့ မြဝတီဘက်မှာ တိုက်ပွဲဖြစ်တော့ ငိုယိုပြီးတော့ ဖုန်းဆက်လာကြတယ်"[17]။***

[14] RFA-Burmese 13th March 2024.
https://www.rfa.org/burmese/news/thailand-migrant-worker-border-03132024152811.html
[15] ရှမ်းပြည်နယ်တောင်ပိုင်းမှ ဖြေဆိုသူအမျိုးသမီး။
[16] မန္တလေးတိုင်းမှ ဖြေဆိုသူအမျိုးသမီး။
[17] ရောဝတီတိုင်းမှ ဖြေဆိုသူအမျိုးသမီး။

မြေပြင်အချက်အလက်များအရ အကြမ်းဖက်စစ်အုပ်စု၏ တရားမဝင်စစ်မှုထမ်းဥပဒေသည် အခြားနိုင်ငံသို့ တရားဝင် (သို့) တရားမဝင်ဖြင့်ဝင်ရောက်ရန် မဖြစ်နိုင်သော အောက်ခြေလူထုအမျိုးသမီးများအတွက် ကြီးလန့်စာစားပြီး ကြောက်နေရုံမှတပါး ရွေးချယ်စရာမရှိ ဖြစ်နေသည်ကို လေ့လာ တွေ့ရှိရသည်။

## ၃။ စစ်မှုထမ်းဥပဒေနှင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုစိုးရိမ်မှုများ

အကြမ်းဖက်စစ်အုပ်စုသည် ခေတ်အဆက်ဆက် တိုင်းရင်းသားဒေသများ၌ တိုက်ပွဲအတွင်း အမျိုးသမီးများအားပစ်မှတ်ထားပြီး စစ်လက်နက်သဖွယ် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများ၌ နာမည်ဆိုးနှင့်ကျော်ကြားသည်။ ထို့ကြောင့် အမျိုးသမီးများသည် စစ်မှုထမ်းဥပဒေနှင့် အတူပါလာမည့် နောက်ဆက်တွဲ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကိုပါ စိုးရိမ်ပြီး ကြောက်လန့်နေကြရသည်ကိုတွေ့ရသည်။ ပထမအသုတ်စစ်မှုထမ်းခေါ်ယူခြင်းတွင် အမျိုးသမီးများ မပါဟုထုတ်ပြန်ထားသော်လည်း စစ်မှုထမ်းဥပဒေအတွင်း အသက်အရွယ်အရ အကျုံးဝင်သည့် အမျိုးသမီးများသည် နေ့စဉ်နှင့်အမျှ စိုးရိမ်ပူပန်မှုများနှင့် ကြုံနေရခြင်းနှင့် လက်ရှိမြေပြင်တွင် အမျိုးသမီးများအား မတရားဖမ်းဆီးမှုများလည်း ကြုံနေရကြောင်းလည်း လေ့လာတွေ့ရှိရသည်။ ထို့ပြင် စစ်မှုထမ်းဥပဒေ၌ အသက်အရွယ်အရ အကျုံးဝင်သည့် ရှမ်းပြည်နယ်တောင်ပိုင်းမှ အမျိုးသမီးငယ်လေး တစ်ဦးမှလည်း အကြမ်းဖက်စစ်အုပ်စု၏ လိင်ပိုင်းဆိုင်အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး ယခုကဲ့သို့ မှတ်ချက်ပြုသည်။

***"အမျိုးသားတစ်ယောက်အနေနဲ့ စစ်မှုထမ်းရမယ်ဆိုရင် ရိုက်ခံရတာနဲ့ တခြားဟာတွေ ဖြစ်နိုင်တယ်လေ။ ဒါပေမဲ့ အမျိုးသမီးတွေကတော့ မတူဘူး။ အကယ်၍ပါသွားပြီဆို ကျွန်မအရမ်းစိုးရိမ်တာ တစ်ခုက အုပ်စုလိုက် မုဒိမ်းကျင့်ခံရမှာပေါ့နော်။ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှာ ကြောက်တဲ့ အမျိုးသမီးတွေလည်းရှိနေကြတယ်။ ဘာလို့ဆို ပါသွားတာနဲ့ ပြန်လမ်းကတော့ ရှိမှာ မဟုတ်ဘူးလေ။[18]"***

[18] ရှမ်းပြည်နယ်တောင်ပိုင်းမှ ဖြေဆိုသူအမျိုးသမီး။




အကြမ်းဖက်စစ်အုပ်စု၏ ခေတ်အဆက်ဆက်ကျူးလွန်လာသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေခြင်းသည်လည်း အမျိုးသမီးများအား တရားဝင် လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခွင့်ပေးထားသကဲ့သို့ ဆက်လက်ရှိနေဆဲဖြစ်သည်။ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၉ရက်နေ့တွင် အကြမ်းဖက်စစ်အုပ်စုမှ မတရား မုဒိမ်းကျင့်ပြီး သတ်ဖြတ်ခံလိုက်ရသည့် ကချင်စေတနာ့ဝန်ထမ်း ဆရာမလေး နှစ်ဦး၏ ဖြစ်စဥ်မှာ ရင်နှင့်ဖွယ်ရာ အဖြစ်အပျက် ဖြစ်ခဲ့သော်လည်း ယနေ့ထိတိုင် တရားမျှတမှုကို ဖော်ထုတ်နိုင်ခြင်း မရှိသေးပေ။[19]ထို့ပြင် မြန်မာ့အမျိုးသမီးသမဂ္ဂ၏ ၂၀၂၃ခုနှစ် အစီရင်ခံစာ၌ ဖော်ပြချက်အရ အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းသည့် ၂၀၂၁ခုနှစ် မှစပြီး ၂၀၂၃ခုနှစ်အတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပေါင်း (၅၄)မှုရှိကြောင်း ဖော်ပြထားသည်။[20] ဧရာဝတီတိုင်းမှ အမျိုးသမီးတစ်ဦးမှလည်း ယခုလိုပြောကြားသည်။ လက်ရှိမြေပြင်တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခံရသည့် မိသားစုများပင်လျှင် တရားမဝင်စစ်မှုထမ်းဥပဒေကြောင့် မိသားစုအတွင်းရှိသော သားယောကျ်ားလေးအား အတင်းအဓမ္မ စစ်မှုထမ်းခိုင်းမည်ကို စိုးရိမ်ခြင်းကြောင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်သူအား မတိုင်ကြားဘဲ လွှတ်ပေးထားလိုက်ရသည့် ဖြစ်စဥ်လည်း ရှိကြောင်း ပြောကြားလာသည်။ ကျူးလွန်သူမှာ

[19] The Irrwaddy-Burmese 19th January 2019. https://burma.irrawaddy.com/news/2019/01/19/180764.html

[20] Burmese Women's Union 17th June 2023. https://burmesewomensunion.org/wp-content/uploads/2023/06/Sexual-Violence-Against-Women-under-the-Political-Instability-MM.pdf

အကြမ်းဖက်စစ်အုပ်စုနှင့် ဆက်နွယ်နေသည့်အတွက် ကျူးလွန်ထားသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား ပြစ်ဒဏ်ကင်းလွတ်ခွင့် အကြိမ်ကြိမ် ရထားသည်ဟုလည်း ဆိုသည်။

ထို့အပြင် အမျိုးသမီးမဟာမိတ် သပိတ်အင်အားစုမှ အမျိုးသမီး တစ်ဦးကလည်း တရားမဝင်စစ်မှုထမ်း ဥပဒေကြောင့် အမျိုးသမီးများ၏ နေ့စဉ်ဘဝမှာ လုံခြုံမှုများ ပျောက်ဆုံးနေကြောင်း စစ်ကိုင်းတိုင်းရှိ အမျိုးသမီးများ၏ အခြေအနေကို ပြောပြထားသည်။




*“နေ့စဉ်ဘဝမှာ စိတ်လုံခြုံမှုတွေလည်း ကင်းမဲ့လာတယ်ပေါ့နော်။ ရုပ်ပိုင်းဆိုင်ရာတွေပါ ထိခိုက်လာတယ်ပေါ့နော်။ မသွားရဲမလာရဲတွေ ဖြစ်လာတယ်။ ကျန်းမာရေးဆေးကုသမှု ခံယူဖို့အတွက်သွားတာ လာတာတွေလည်း ဒါတွေကစလို့ စိတ်ပိုင်းဆိုင်ရာ တွေလည်း ထိခိုက်လာတာပေါ့။”*[21]

တရားမဝင်စစ်မှုထမ်းဥပဒေကြောင့် အမျိုးသမီးများ၏ နေ့စဉ်လူမှုစီးပွားရေးနှင့် ရပ်တည်ရေးအခက်အခဲအပြင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှု များကို ခံစားနေရသည်။

## ၃.၁။ အမျိုးသမီးများ၏စားဝတ်နေရေးအကြပ်အတည်းနှင့် စစ်မှုထမ်းဥပဒေ

အကြမ်းဖက်စစ်အုပ်စု အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစပြီး မြန်မာနိုင်ငံ၏ စီးပွားရေး အကြပ်အတည်းသည် နေ့စဉ်နှင့်အမျှဆိုးသထက် ဆိုးလာနေသည်မှာ ကေန်အမှန်ဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ ထောက်ပြချက်အရ အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန်ကြိုးပမ်းသည့် (၃)နှစ်အတွင်း တိုင်းပြည်၏ စီးပွားရေးမှာ နလန်မထူနိုင်သည့်အပြင် ငွေကြေးဖောင်းပွမှုနှင့်အတူ ကုန်ဈေးနှုန်းမြင့်တက်မှုများ၊ ကုန်ပစ္စည်းပြတ်လပ်မှုများ၊ လုပ်ငန်းလည်ပတ်ရန် ခက်ခဲလာခြင်း

[21] စစ်ကိုင်းတိုင်းမှ ဖြေဆိုသူအမျိုးသမီး။

များနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးလာခြင်းများသည် မြန်မာ့စီးပွားရေး နလန်ပြန်ထူရန် အကြီးမားဆုံး အတားအဆီး ဖြစ်သည်ဟု ထောက်ပြခဲ့ပါသည်။[22]စီးပွားရေးအကျပ် အတည်းကြားမှ အကြမ်းဖက် စစ်အုပ်စုသည် စစ်မှုထမ်းဥပဒေထုတ်ပြန်ပြီးချိန် မှ စတင်ပြီး အတင်းအဓမ္မ ငွေကြေး ကောက်ခံမှုများကြောင့် မြေပြင်ရှိအမျိုးသမီးများသည် တစ်ပူပေါ်တစ်ပူဆင့်ကာ စားဝတ်နေရေး အခက်အခဲကြားမှ ငွေကြေးပေးဆောင်နေမှု များလည်းရှိနေသည်။ အလုပ်အကိုင်ရှားပါးသည် သာမက စားဝတ်နေရေးအခက်အခဲကြောင့် အမျိုးသမီးများ၏ စိတ်ပိုင်း ဆိုင်ရာထိခိုက်မှုသည် မသေးလှပေ။ ရောဝတီတိုင်းမှအမျိုးသမီးတစ်ဦးကလည်း ယခုလိုပြောသည်။

*“ခုနောက်ပိုင်းကျ တော့ အန်တီတို့ အုပ်စုမှာတစ်အိမ်ကို ၅၀၀၀၊ ၁၀၀၀၀၊ ၁၅၀၀၀ ကောက်တယ်။ အဲ့ဒါစစ်မှုထမ်းတဲ့ သူကိုထောက်ပံ့ပေးဖို့ဆိုပြီးလေ။ အဲ့တော့ အမျိုးသမီးတွေလည်း အန်တီကိုလာပြောတယ် အန်တီရေဘယ်လိုလုပ်ကြမလဲ သမီးတို့မှာ မထည့်လည်း မရဘူးတဲ့။ ဒီ၅၀၀၀ကသမီးတို့အတွက် ဆန်တစ်ပြည်ဝယ်စားလို့ရတယ် မထည့်လို့ရှိရင်လည်း ပြဿနာရှာမှာကြောက်တယ်တဲ့။ အန်တီတို့ရွာမှာကစားဝတ်နေရေး လည်းခက်ခဲကြတယ်။ တစ်နှစ်မှ တစ်လခွဲသာသာပဲ ပဲနှုတ်ချိန် ရှိပြီး။ ကျန်တဲ့ချိန်ဆို အလုပ်မရှိကြဘူးလေ။[23]”*

Myanmar Now၏ သတင်းအချက်အလက်အရ မတ်လမှစပြီး ရန်ကုန်၊ မန္တလေးတိုင်းနှင့် နေပြည်တော်ရှိ အုပ်ချုပ်ရေးမှူးများသည် စစ်မှုထမ်းသူများအား ထောက်ပံ့ရန်အတွက် ငွေကြေးများ ကောက်ခံနေမှုများ ရှိနေသည်။[24] ထို့အပြင် တရားမဝင် စစ်မှုထမ်းဥပဒေသည် အကြမ်းဖက်စစ်အုပ်စုနှင့် စပ်ဆက်လျက်ရှိသည့် အုပ်စုအတွက် မတရား ငွေရပေါက်ဖြစ်နေကြောင်းလည်းတွေ့ရသည်။ စစ်မှုထမ်းစာရင်း၌ နာမည်ပါရှိမှုမရှိသည့် လူငယ်များ မကြာခဏဖမ်းဆီး မှုများအပြင် ငွေကြေးဖြင့် ပြန်လည်ရွေးခိုင်းသည့် ဖြစ်ရပ်များလည်း ကြုံနေရပါသည်။ ရန်ကုန်တိုင်းမှ ဖြေဆိုသူ အမျိုးသမီးတစ်ဦးမှလည်း ယခုလို ပြောကြားသည်။

---

[22] VOA-Burmese 27th June 2023.
https://burmese.voanews.com/a/fragile-recovery-world-bank-report-myanmar/7154415.html

[23] ရောဝတီတိုင်းမှ ဖြေဆိုသူအမျိုးသမီး။

[24] Myanmar Now 22nd March 2024.
https://myanmar-now.org/mm/news/50390/




*ဟိုနေ့က အန်တီအသိ သားနဲ့သမီးကို ဖမ်းသွားပြီး တစ်ယောက်ကို ၄သိန်းနဲ့ လာရွေးခိုင်းတယ်။ လက်လုပ်လက်စားက ဘယ်လိုလုပ် ပိုက်ဆံ အဲ့လောက်ရှိမလဲ။ ညှိလိုက်တော့ ၅ သိန်းလား ၆သိန်းနဲ့ ပြန်ရွေးလိုက်ရတယ်။ ဒီဘက်မှာတော့ ညနေပိုင်းထွက်တာနဲ့ ဖမ်းတော့တာ နာမည်ပါတာ မပါတာက အဓိက မဟုတ်ပဲနဲ့။ ဒီစစ်မှုထမ်းဥပဒေကြောင့် စားဝတ်နေရေးက တစ်ဖက် သွားရလာရတာလည်း ပိုပြီးအဆင်မပြေတော့ဘူး။ ကိုယ့်သားသမီးတွေကို ပူပန်နေရတာ သားသမီးတွေအပြင်ထွက်သွားပြီဆို ပူပန်နေရတာ အိမ်မှပြန်ရောက်ပါ့မလား။ စားဝတ်နေရေး ကလည်းခက်ခဲတော့။[25]*

ထို့ပြင် ထုံးတမ်းစဉ်လာနှင့် ယဉ်ကျေးမှုဓလေ့အရ အမျိုးသားများကသာ မိသားစု၏ စီးပွားရေးလုပ်ငန်းနှင့် အိမ်ထောင်ဦးစီးနေရာ၌ ခေတ်အဆက်ဆက် နေရာယူလာခဲ့ခြင်း သည်လည်း အိမ်ထောင်ရှိ အမျိုးသမီးများ၏ ဦးဆောင်မှုစွမ်းရည်ကို ဆုတ်ယုတ်စေသည့် အဓိကအချက်ဖြစ်သည်။ အိမ်ထောင်ရှင် အမျိုးသမီးများသည် နေ့စဉ်အိမ်မှုကိစ္စနှင့် ကလေးပြုစုခြင်းများ၌သာ အချိန်ပေးနေရခြင်းကြောင့် မိမိ၏အမျိုးသားများ တရားမဝင် စစ်မှုထမ်းရန် ဖမ်းဆီးခံလိုက်ရခြင်းနှင့် စစ်မှုထမ်း နာမည်စာရင်းပါလာခဲ့သည့် အခါ အမျိုးသမီးများ၏ နေ့စဉ်ဘဝရပ်တည်ရေးအတွက် သက်ရောက်မှု ဖြစ်လာမည်ကို စိုးရိမ်မှုများလည်း ရှိနေသည်။ ဥပမာဖြစ်ရပ်တစ်ခုတွင် မန္တလေးတိုင်းမှ ဖြေဆိုသူ ကလေး(၃)ယောက် မိခင်သည် သူမ၏အမျိုးသားစစ်မှုထမ်းစာရင်း၌ ပါသည့်အခါ သူမ၏ စိုးရိမ်မှုများကို ယခုလိုပြောသည်။

*ကျွန်မမှာက ကလေးငယ်လေးသုံးယောက်ရှိတယ် သူတို့ကိုကျွန်မတစ်ယောက်ထဲ ဘယ်လိုရှာကျွေးမလဲ ဘာလို့ဆိုသူတို့က အရမ်းငယ်သေးတယ်လေ။ ပြီးတော့ စစ်ထဲပါသွားပြီဆို ပြန်လမ်းဆိုတာမရှိတော့ဘူးလေ။ တိုက်ပွဲက ဆက်တိုက်ဖြစ်နေတာဆို တော့ ကျွန်မလည်း ကျွန်မအမျိုးသား နာမည်ကောက်သွားကတည်းက စပြီးစိတ်တွေလည်း ညစ်ပြီးထမင်းစားဖို့တောင် မေ့တယ်။ ကျွန်မတစ်ယောက်ထဲ ကလေးသုံးယောက်နဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး။ ကလေးတွေကိုကြည့်လိုက်ရင် သနားစရာလေးတွေဘာမှ မသိကြဘူး။[26]*

[25] ရန်ကုန်တိုင်းမှ ဖြေဆိုသူအမျိုးသမီး။

[26] မန္တလေးတိုင်းမှ ဖြေဆိုသူအမျိုးသမီး။

အကြမ်းဖက်စစ်အုပ်စုမှ ထုတ်ပြန်လိုက်သည့် တရားမဝင်စစ်မှုထမ်းဥပဒေသည် နလန်ထူရန် မဖြစ်နိုင်သည့် မြန်မာ့စီးပွားရေးအကျပ်အတည်းကြားမှ အမျိုးသမီးများ၏ ဘဝရပ်တည်ရေးကိုပါ ခြိမ်းခြောက် နေသည်။

## ၄။ အတင်းအကြပ်လက်ထပ်ထိမ်းမြှားခြင်းနှင့် အိမ်တွင်းအကြမ်းဖက်မှုများ

အကြမ်းဖက်စစ်အုပ်စု၏ စစ်မှုထမ်းဥပဒေ၌ အမျိုးသမီးဖြစ်လျှင် အသက်(၁၈) နှစ်မှ (၂၇) နှစ်အတွင်း စစ်မှုထမ်းရမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းနှင့် အတတ်ပညာ ကျွမ်းကျင်သူ ဖြစ်လျှင် အသက်(၁၈)နှစ် မှ (၃၅)နှစ် အထိ သတ်မှတ်ထားသည်။ သို့သော်လည်း အိမ်ထောင်သည်အမျိုးသမီးများဖြစ်လျှင် စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရမည်ဟုလည်း ဖော်ပြထားသည်။[27] ၎င်းအချက်ကြောင့် အမျိုးသမီးငယ်လေးများသည် အိမ်ထောင်ပြုရန် ပိုစဉ်းစားလာကြသည်ကို တွေ့ရသကဲ့သို့ လူငယ်အရွယ်ကောင်းလေးများ မူးယစ်ဆေးသုံးစွဲမှု ပိုမိုများလာကြောင်းလည်းတွေ့ရသည်။ စစ်မှုထမ်းအသက်အရွယ်အရ အကျုံးဝင်သော ရှမ်းပြည်နယ်တောင်ပိုင်းမှ အမျိုးသမီးငယ် တစ်ဦးမှလည်းယခုလိုပြောသည်။

***"အတင်းအကြပ် လက်ထပ်ပေးတာတော့ မတွေ့သေးပေမဲ့ ကျွန်မလည်း စဉ်းစားကြတာရှိတယ်ပေါ့နော်။ ဒီကနေထွက်မပြေးနိုင်ရင် လက်ထပ်ရင်ကောင်းမလားပေါ့။ သူငယ်ချင်း တွေမှာလည်း စဉ်းစားကြတာရှိတယ်။ ဒါပေမဲ့ တစ်ဘက်မှာလည်း ကိုယ်လက်ထပ်လိုက်တဲ့ အမျိုးသားက စစ်မှုထမ်းဥပဒေထဲမှာ ဘောင်ဝင်နေရင် သူလည်း မလွတ်ဘူးဆိုတဲ့အတွေးတွေ ပေါ့နော်။ အဲ့လိုဆိုတော့ နောက်ထပ် တစ်ပူထပ်ပူ နေရပြန်ရော အမျိုးသမီးတွေက။"[28]***

ထို့ပြင် တရားမဝင် စစ်မှုထမ်းဥပဒေကြောင့် မိဘများမှ အမျိုးသမီးငယ်လေးများအား အတင်းအဓမ္မ လက်ထပ်ပေးသည့် ဖြစ်ရပ်များလည်း ရှိနေသကဲ့သို့ နောက်ဆက်တွဲအနေဖြင့် အိမ်တွင်းအကြမ်းဖက်မှုများလည်း ရှိနေကြောင်းတွေ့ရသည်။ ရန်ကုန်တိုင်းမှ ဖြေဆိုသူ အမျိုးသမီးကလည်း ယခုလိုပြောသည်။

[27] RFA-Burmese 10th February 2024. https://www.facebook.com/photo.php?fbid=799693065525431&id=100064542350311&set=a.583637430464330
[28] ရှမ်းပြည်နယ်တောင်ပိုင်းမှ ဖြေဆိုသူအမျိုးသမီး။
[29] ရန်ကုန်တိုင်းမှ ဖြေဆိုသူအမျိုးသမီး။
[30] ရှမ်းပြည်နယ်တောင်ပိုင်းမှ ဖြေဆိုသူအမျိုးသမီး။




***"မိန်းကလေး တစ်ချို့ကျတော့လည်း အိမ်ထောင်ပြုကြပြီး အခြေနေက ပိုပြီးဆိုးနေတယ်လို့မြင်နေရတာပေါ့နော်။ မနေ့တစ်နေ့ကပဲ ယူတယ် ခုပဲရန်တွေ ဖြစ်ကြ။ အမျိုးသားတွေကလည်း နင်တို့က ငါတို့ကိုယူတာ အကြံနဲ့ယူတာတို့ မိန်းကလေးတွေကြတော့လည်း မိဘပေးစားလို့ ယူတာဆိုပြီး ရှုပ်ရှက်ကို ခတ်နေကြတာ။ အဲ့လိုနဲ့ အိမ်တွင်းအကြမ်းဖက်မှုတွေ နေ့စဉ်နဲ့အမျှ ရှိနေတယ်။ စီးပွားရေးလည်း အဆင်မပြေတော့ စိတ်ပိုင်းရော ရုပ်ပိုင်းရော ခံစားနေရတာပေါ့ ဒီအချိန်မှာ။"[29]***

အကြမ်းဖက်စစ်အုပ်စု၏ စစ်မှုထမ်းဥပဒေမှ လွတ်မြောက်ရန် အတွက် အမျိုးသမီးငယ်များ အိမ်ထောင်ပြုလိုက်သော်လည်း အိမ်တွင်းအကြမ်းဖက်မှုများ၏ သားကောင်ဖြစ်နေကြသည်ကို တွေ့ရသည်။ ထို့ကြောင့် ဤစစ်မှုထမ်း ဥပဒေသည် အမျိုးသမီးများ အတွက် အိမ်တွင်းအကြမ်းဖက်မှုကို တွန်းပို့နေသော အဓိကအချက် လည်းဖြစ်လာသည်။ ရှမ်းပြည်နယ်တောင်ပိုင်းမှ ဖြေဆိုသူအမျိုးသမီးငယ် တစ်ဦးမှလည်း သူမဖြေရှင်းပေးနေရသော အိမ်တွင်းအကြမ်းဖက်မှုများကို ယခုလိုပြောပြသည်။

***"ခုနောက်ပိုင်းမှာ ကျွန်မဖြေရှင်းပေးရတဲ့ ကိစ္စတချို့ဆို အမျိုးသားက စစ်မှုထမ်းဖို့ နာမည်စာရင်းပါလာပြီးနောက်မှာ စိတ်ညစ်ပြီး စိတ်ဓာတ်ကျပြီး အရက်သောက် ကြတော့ မိန်းမကို ရိုက်တော့ အိမ်တွင်းအကြမ်းဖက်မှုပိုဖြစ်လာတယ်ပေါ့နော်။ အမျိုးသမီးတွေတော့ တစ်ပူပေါ် တစ်ပူဆင့်နေရတဲ့ အခြေအနေပေါ့။ တချို့အမျိုးသမီးတွေ ကျတော့လည်း ဒီလို ပြောခံရတာတွေ ရှိတယ်... နင်ကတော့ ငါ့ကိုယူလိုက်လို့ စစ်မှုထမ်း လွတ်သွားပေမဲ့ ငါတော့ မလွတ်ဘူးဆိုပြီး ယောကျ်ားလေးဘက်က ပြန်ပြောနေတာလည်း ကြားရတယ်။ အမျိုးသမီတွေက ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဆိုင်ရာရော ခံစားနေရတာပေါ့နော်"။***[30]

## အနှစ်ချုပ်သုံးသပ်ချက်

အကြမ်းဖက်စစ်အုပ်စု အနေဖြင့် အာဏာသိမ်းရန် ကြိုးပမ်းသည့် (၃)နှစ်တာ ကာလအတွင်း နိုင်ငံတစ်ဝန်း တော်လှန်ရေးအင်အားစုများ၏ စစ်မျက်နှာဖွင့်ပြီး စစ်ဆင်ရေးများကြောင့် မြေပြင်၌ စစ်ရှုံးမှုများစွာရှိသည့် အပြင် တပ်တွင်းအင်အားချိနဲ့လာမှုများကြောင့် တရားမဝင် စစ်မှုထမ်းဥပဒေကို အသက်သွင်းလာခြင်းဖြစ်သည်ဟု မိမိတို့ မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် သုံးသပ်ပါသည်။ ဤတရားမဝင်စစ်မှုထမ်းဥပဒေသည် အထူးသဖြင့် အခြေခံလူတန်းစား အမျိုးသမီးများ အပေါ်သို့ ဆိုးကျိုးများစွာ သက်ရောက်မှုရှိကြောင်း လေ့လာသုံးသပ်ချက်အရ တွေ့ရသည်။ ငွေကြေးတတ်နိုင်သည့် အမျိုးသမီးများသည် အခြားနိုင်ငံများသို့ တရားဝင်အဖြစ် သော်လည်းကောင်း တရားမဝင် အဖြစ်သော်လည်းကောင်း ဖမ်းဆီးမှုများကြားမှ သွားရောက်နိုင်ရန် ကြိုးစားကြသော်လည်း အခြေခံလူတန်းစား အမျိုးသမီးများသည် အတားအဆီးပေါင်းများစွာဖြင့် မိမိရပ်ရွာ အတွင်း၌သာ ဆက်လက်ရှိနေကြပြီး နေ့စဉ်နှင့်အမျှ ကြီးလန့်စာစားနေကြရသည်။ အမျိုးသမီးငယ်များသည် စစ်မှုထမ်းဥပဒေနှင့်အတူ ကပ်ပါလာသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု များအတွက် စိုးရိမ်နေကြသော်လည်း ထွက်ပြေးတိမ်းရှောင်ရန် အခက်ခဲများစွာ ကြုံနေရသည်ကိုပါ လေ့လာတွေ့ရှိရသည်။ ထို့ပြင် စီးပွားရေးနှင့် စားဝတ်နေရေးကျပ်တည်းသည့် ကြားမှ အကြမ်းဖက်စစ်အုပ်စု၏ မတရားငွေကြေး ကောက်ခံမှုများနှင့် မတရားဖမ်းဆီးငွေညှစ်ခြင်း ဖြစ်ရပ်များကြောင့် အမျိုးသမီးများ၏ ဘဝရပ်တည်ရေးနှင့် စားဝတ်နေရေးကို နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်နေသည်။ အကြမ်းဖက်စစ်အုပ်စု၏ တရားမဝင်စစ်မှုထမ်းဥပဒေသည် အမျိုးသမီးများအား အတင်းအဓမ္မ လက်ထပ်ထိမ်းမြားခြင်းနှင့်အတူ အိမ်တွင်းအကြမ်းဖက်မှု၏ သားကောင်များအဖြစ်လည်း တွန်းပို့နေသကဲ့သို့ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများစွာ ခံစားနေကြရသည်မှာ မလွဲကေန်ဖြစ်သည်။